# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 26, 2020 Volume 34, Number 17


| ၂၆.၈.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၉၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၇/- ကျပ် |
| CBM Rate | = ၁၃၅၂.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၈.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၄.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## လက်ရှိအချိန်တွင် ဆန်အသစ်မပေါ်ခင်နှင့် အဟောင်းကုန်ခါနီး စပ်ကူးမတ်ကူးကာလဖြစ်သဖြင့် ပြည်တွင်းဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်နေသော်လည်း လာမည့်အောက်တိုဘာလအတွင်း ဈေးကွက်တည်ငြိမ်ပြီး ဆန်ဈေးကျဆင်းလာမည်



လက်ရှိအချိန်တွင် ဆန်အသစ်မပေါ်ခင်နှင့် အဟောင်းကုန်ခါနီး စပ်ကူးမပ်ကူးကာလဖြစ်သဖြင့် ပြည်တွင်းဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်မှုရှိသော်လည်း လာမည့်အောက်တိုဘာလအတွင်း ဈေးကွက်တည်ငြိမ်လာပြီး ဈေးနှုန်းလည်း ကျဆင်းလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ပြောကြားသည်။

“ပြည်တွင်းဈေးကွက်မှာတော့ ဆန်စပါးရာသီအနေနဲ့ပြောရင် ဒီအချိန်က ဆန်အသစ်မပေါ်ခင်နဲ့ အဟောင်းကုန်ခါနီး စပ်ကူးမတ်ကူးအချိန်ကာလလို့ပဲပြောရမှာ။ နှစ်စဉ်နှစ်တိုင်းဒီလိုအချိန် ဩဂုတ်၊ စက်တင်ဘာလတွေမှာ ဈေးအနည်းငယ် မြင့်တက်တဲ့သဘောရှိပါတယ်။ မကြာခင်ပေါ်ထွက်လာမယ့် အောက်တိုဘာလ အလယ်လောက်ကျရင်တော့ ဆန်ဈေးကွက်က ပြန်လည်တည်ငြိမ်ပြီး ပြန်ကျလာမယ့်သဘောရှိမှာပါ။ ဆန်က ကျွန်တော်တို့ တစ်နိုင်ငံတည်းထွက်တာမဟုတ်ဘူး။ တခြားနိုင်ငံတွေလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းရော၊ ဗီယက်နမ်ရော၊ ကမ္ဘောဒီးယားရော၊ ပါကစ္စတန်၊ အိန္ဒိယရော ဒီနိုင်ငံတွေအားလုံးက တစ်ပြိုင်နက်တည်း ရာသီဥတုတစ်ခုတည်းမှာပဲ ရပ်တည်ပြီးတော့ ဆောင်ရွက်ကြတာဖြစ်တဲ့အတွက် အချိန်တစ်ပြိုင်တည်းမှာပဲ ဆန်တွေပေါ်လာတဲ့အခါမျိုးရှိတတ်တယ်။ အဲဒီအချိန်မျိုးမှာ ကမ္ဘာ့ဈေးရော၊ ပြည်တွင်းဈေးမှာရော ပြန်လည်ကျတဲ့ဟာလည်းရှိပါတယ်” ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင်လဆန်းတွင် ရတနာတိုး ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၂၀၀၀ ကြား၊ ဧည့်မထတစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀ ကြား၊ ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ကြားအထိရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ သိရသည်။ ဩဂုတ် ၂၅ ရက်တွင် ပြည်တွင်းဈေးကွက်၌ ၁၀၈ ပေါင်တစ်အိတ်လျှင် ရက် (၉၀) ဆန်ကျပ် ၂၅၅၀၀ မှ ၂၆၀၀၀၊ ရတနာတိုး ကျပ်၂၃၀၀၀ မှ ၂၄၀၀၀၊ ဧည့်မထ ကျပ် ၂၂၈၀၀ မှ ၂၃၂၀၀ ရှိသည့်အတွက် တစ်လခွဲအတွင်း

ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ ဇူလိုင် ၁ ရက်တွင် ပြည်တွင်း ဆန်ဈေးကွက်၌ အမျိုးအစားအပေါ်မူတည်၍ ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၃၀၀၀ မှ ၄၂၀၀၀ ကြားရှိသည်။ ရွှေဘိုပေါ်ဆန် ဈေးနှုန်းသည် ကျပ် ၄၉၀၀၀ မှ ၅၄၀၀၀ ကြားရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှသိရသည်။ ဩဂုတ် ၂၅ ရက် တွင် ပေါ်ဆန်းတစ်အိတ်လျှင်၃၃၀၀၀ မှ ၃၄၀၀၀ ကျပ်၊ ပေါ်ဆန်းရှယ်တစ်အိတ်လျှင် ၃၅၀၀၀ မှ ၃၆၀၀၀ ကျပ်၊ မြောင်းမြပေါ်ဆန်း ၃၈၀၀၀ မှ ၄၀၀၀၀ ကျပ်၊ ကြားပျံ့ရှယ် ၃၇၀၀၀ မှ ၄၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၇၀၀၀ မှ ၅၄၅၀၀ ကျပ်ရှိသဖြင့် နှစ်လအတွင်း ပြည်တွင်းစားဆန်ဖြစ်သည့် ဆန်ချောဈေးနှုန်းသည် ဈေးနှုန်းသိသိသာသာပြောင်းလဲမှုမရှိ၊ တည်ငြိမ်လျက်ရှိနေသည်။

ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းတွင် ဒေါ်လာဈေးကျဆင်းခြင်း၊ ပြည်ပတင်ပို့မှု၌ ဈေးနှုန်းအမြင့်မရရှိသဖြင့် ပြည်တွင်း ဆန်ဈေးကွက်အတွင်း အရောင်းအဝယ်အေးခဲ့ကြောင်းသိရသည်။ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများနှိုင်းယှဉ်ကြည့်ပါက ဆန်ဖြူ ၅ မှတ် ဆန်အမျိုးအစားတစ်တန်သည် ထိုင်းတွင် ဒေါ်လာ ၅၂၀၊ ဗီယက်နမ်တွင် ဒေါ်လာ ၄၆၃၊ အိန္ဒိယတွင် ဒေါ်လာ ၃၆၀၊ ပါကစ္စတန်တွင် ဒေါ်လာ ၄၃၀၊ မြန်မာတွင် ဒေါ်လာ ၄၄၀ စသည်ဖြင့် ဈေးနှုန်း အသီးသီး ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ဆန်ဖြူ ၂၅ မှတ်ဆန်အမျိုးစားတစ်တန်သည် ထိုင်းတွင် ဒေါ်လာ ၅၀၆၊ ဗီယက်နမ်တွင် ဒေါ်လာ ၄၄၀၊ အိန္ဒိယတွင် ဒေါ်လာ ၃၃၀၊ ပါကစ္စတန်တွင် ဒေါ်လာ ၃၀၀၊ မြန်မာတွင် ဒေါ်လာ ၃၉၅ ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/189088

## ဘင်းမ်စတက် ပဋိညာဉ်စာတမ်းတွင် မြန်မာက ပါဝင်လက်မှတ်ထိုးရေးကိစ္စ လွှတ်တော်အတည်ပြု



နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ဘင်္ဂလားပင်လယ်အော် ဒေသတွင်းကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (ဘင်းမ်စတက်)၊ (BIMSTEC:_ Bay of Bengal Initiative Multi – Sectorial Technical and Economic Cooperation) ပဋိညာဉ် စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ထိုးရေးကိစ္စအပေါ် လွှတ်တော်ကအတည်ပြုခဲ့ကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော် ယနေ့အစည်းအဝေးတွင် ထောက်ခံဆွေးနွေးခဲ့ကြကာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံခြားရေး ဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စုလွှတ်တော် ယနေ့အစည်းအဝေးသို့ ရှင်းလင်းတင်ပြအပြီး၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

"ဘင်းမ်စတက်ဟာ စီးပွားရေးကိုဗဟိုပြုပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့ကြီး ဖြစ်ပါတယ်၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အကျိုးစီးပွားအတွက် အလွန် အလားအလာ ကောင်းမွန်တဲ့အဖွဲ့အစည်းလည်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံဟာ အဖွဲ့ဝင်နိုင်ငံအများစုနဲ့ အလွန်ရင်းနှီးချစ်ခင် နွေးထွေးတဲ့ဆက်ဆံရေးရှိပါတယ်၊ မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလကတည်းက တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားပြီး ဖြစ်ပါတယ်၊ ဘင်းမ်စတက်ဟာ အခုအချိန်အထိ အာဆီယံအဖွဲ့လို ပဋိညာဉ်စာတမ်းနဲ့ပူးပေါင်းဆောင်ရွက်ရေး ယန္တရား၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေတွေ တိကျစွာပြဌာန်းခြင်းမရှိသေးတဲ့အတွက် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးမှာ နိုင်ငံခေါင်းဆောင်ကြီးတွေရဲ့ ဘင်းမ်စတက် ပဋိညာဉ်ရေးဆွဲဖို့ လမ်းညွှန်ချက်အရရေးဆွဲခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ အသီးသီးရဲ့ အစိုးရအားလုံးက သဘောတူခဲ့ကြပြီး လုပ်ထုံးလုပ်နည်းနဲ့ အညီအတည်ပြုချက်ရရှိရေး ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံသည် အနောက်နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား မြေသားပေါင်းကူးသဖွယ် ပထဝီအနေအထားအရ မဟာဗျူဟာမြောက်စွာဖြင့် ဘင်းမ်စတက်အဖွဲ့၏ ပေါင်းကူးဗဟိုချက်မ၌ တည်ရှိနေကြောင်း၊ ဘင်းမ်စတက်ပဋိညာဉ်ကို အတည်ပြုနိုင်ခြင်းအားဖြင့် အဖွဲ့ဝင်ခုနစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် စနစ်တကျဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုယန္တရား၊ ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်တွင်ပါဝင်သည့် အစိတ်အပိုင်းများ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းများကို ရှင်းလင်းစွာသတ်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပဋိညာဉ်၌ အဖွဲ့ဝင် နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စအပေါ် ဝင်ရောက်စွက်ဖက်မှုကို တားမြစ်ထားသော အရေးကြီးသည့်မူများလည်း ထည့်သွင်းထားသောကြောင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့်အချက်များ မပါဝင်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## တရားမဝင် အေးခဲကြက်သားများ ရောင်းချသည့် ဆိုင်နှစ်ဆိုင်ကို တစ်လပိတ်



မန္တလေးမြို့ သီရိမာလာဈေးတွင် တရားမဝင်တင်သွင်းလာသည့် အေးခဲကြက်သားများ ဖမ်းဆီးရမိခဲ့ပြီးရောင်းချသည့် ဆိုင်နှစ်ဆိုင်ကို ရောင်းချခွင့် တစ်လပိတ်သိမ်းအရေးယူထားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်ကပြောသည်။

မန္တလေးမြို့တော်စည်ပင်လက်အောက်ရှိ ဈေးများတွင် တရားမဝင်တင်သွင်းလာသည့် အေးခဲအသား (ကြက်၊ ဝက်၊ အမဲ) များရောင်းချခြင်း မပြုရန် အသိပေးထားပြီး လစဉ်စစ်ဆေးလျက်ရှိရာ အေးခဲအသားများ ရောင်းချနေသည့် ဆိုင်ခန်းများ စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ဦးကျော်ဆန်းမြင့်က ပြောသည်။

ဩဂုတ် ၂၂ ရက်က သီရိမာလာဈေးတွင် လိုက်လံစစ်ဆေးရာ ဆိုင်တစ်ဆိုင်မှ အေးခဲကြက်သား ၁၄၄ ထုပ် (ပိဿာချိန် ၁၈၀) ဖမ်းဆီးရမိခဲ့သည်။ ဩဂုတ် ၂၃ ရက်တွင်လည်း ဆိုင်တစ်ဆိုင်မှ အေးခဲကြက်သား ၅၁ ထုပ် (ပိဿာချိန် ၆၃ ပိဿာ) နှင့် အေးခဲကြက်အသည်းအမြစ် အထုပ် ၃၀ (ပိဿာချိန် ၂၀) ထုပ် မံဖမ်းဆီးရမိခဲ့ကြောင်း ဈေးနှင့်သားသတ်ဌာန မှတ်တမ်းများတွင် ဖော်ပြထားသည်။ ''အခု လောလောဆယ်တော့ ဈေးရောင်းချခွင့် တစ်လပိတ်တာပေါ့။ ဆက်လက်တွေ့ရှိနေရင်တော့ အခုထက်ပိုတဲ့ ပြစ်ဒဏ်မျိုးသတ်မှတ်ရမှာပေါ့'' ဟု ဦးကျော်ဆန်းမြင့်ကပြောသည်။ ဖမ်းဆီးရမိသည့် တရားမဝင်အေးခဲသားများကို မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်တွင်မီးရှို့ ဖျက်ဆီးခဲ့သည်။

**Source:** https://7day.news/detail?id=196791

## ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းဧက ၂၀၀၀၀ ကျော် ပိုးကျနေသည့်အတွက် အထွက်နှုန်းဆုံးရှုံးခဲ့ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ပြောကြား



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းဧက ၂၀၀၀၀ ကျော်မှာ ပိုးကျနေသည့်အတွက် ဥအထွက်နှုန်း ဆုံးရှုံးခဲ့ကြကြောင်း ဘုလတင်မြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးအောင်ကျော်၏ ပြောကြားချက်အရသိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ မြေပဲစိုက်ခင်းများကို ယခင်က ပိုးများကျရောက်ခဲ့ခြင်းလုံးဝမရှိခဲ့ကြောင်း ယခုနှစ်တွင် မြေပဲစိုက်ခင်းများ ပိုးကျခဲ့မှုသည် အဆိုးဝါးဆုံးဖြစ်ကြောင်း ယင်းကိစ္စအတွက် သက်ဆိုင်ရာကိုတင်ပြခဲ့ပြီးဖြစ်ကြောင်း

၎င်းကဆက်လက်ပြောကြားသည်။ “အချို့မြေပဲခင်းတွေမှာ အပင်ကခြောက်သွားတယ်။ အောက်ကတော့ ဥပါတဲ့မြေပဲခင်းတွေလည်းရှိတယ်။ အချို့ မြေပဲခင်းတွေကျတော့ အပင်လည်းမပါတော့ဘူး။ ဥလည်း မရတော့ဘူး။ တိုဝင်ပြီးတော့ ခြောက်ကပ်သွားပြီးတော့ ဥလုံးဝမပါတဲ့မြေပဲခင်းတွေလည်း ရှိတယ်။ ဘုတလင်မြို့နယ်မှာ မြေပဲစိုက်ခင်းဧက ၂၉၀၀၀ ကျော်ရှိတယ်။ ပျက်စီးဧကကတော့ အခုမှသက်ဆိုင်ရာက စာရင်းကောက်ယူနေတုံးရှိသေးတယ်။ ပိုးကျတဲ့ရာခိုင်နှုန်းက ၈၀ ရာခိုင်နှုန်းလောက်ကျတယ်။ တစ်ခါမှ ပိုးမကျဘူး။ ဒီနှစ်ပိုးကျတာက အဆိုးဝါးဆုံးဖြစ်ပါတယ်” ဟု ဘုလတင်မြို့နယ်မဲဆန္ဒနယ်မြေအမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကပြောကြားသည်။

အဆိုပါကိစ္စနှင့်ပက်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှတာဝန်ရှိ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် မြေပြင်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ၎င်းတို့၏တွေ့ရှိချက်အား သက်ဆိုင်ရာကို အစီရင်ခံစာဆက်လက် တင်ပြသွားမည်ဟု သိရှိရကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကဆက်လက်ပြောကြားသည်။ ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းဧကများ ပိုးကျခဲ့သည့်ကျေးရွာများသည် ပဗိမ္ဗန်စု၊ အစုကြီး၊ ရေကန်စု၊ ဖိုသားစု၊ မယ်ဂျမ်စု၊ အိုင်ရှည်ရွာ၊ ချောင်းမီးတို၊ ကူတော၊ သခွတ္တနယ်စသည့်ကျေးရွာများဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/189232

## ရခိုင်ပြည်နယ်သို့ တင်ပို့သည့် ယာဉ်လမ်းကြောင်းများ အသွားအလာနည်းပါးသွားသဖြင့် ကွမ်းရွက်အကြွမ်းဈေး ပြုတ်ကျ



ရခိုင်ပြည်နယ်သို့တင်ပို့သည့် ယာဉ်လမ်းကြောင်းများ အသွားအလာနည်းပါးသွားသဖြင့် ကွမ်းရွက်အကြွမ်းဈေးပြုတ်ကျကာ ကွမ်းစိုက်ပျိုးသူများ ဆုံးရှုံးမှုခံစားနေရကြောင်း ရောဝတီတိုင်းရှိ ကွမ်းစိုက်တောင်သူများထံမှသိရသည်။

အရင်နှစ်ကဆို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလကုန်အထိ ဝယ်လက်ရှိတယ်။ ကွမ်းရွက်(ပယ်ကြီး) ဈေးကတော့ တစ်ရာသီလုံးနီးပါး ဈေးကောင်းတတ်တယ်။ အခုလမှာတော့ ကွမ်းရွက် (အကြွမ်းဈေး) ပြုတ်ကျသွားလို့ ကွမ်းရွက်တွေခူးပြီး လွှင့်ပစ်ရတယ်။ ကျွန်တော်တို့ဘက်က အခုမှစခူးကြတာ များတယ်လေ။ အကုန်ခူးပြီး သွန်ပစ်နေရတယ်။ မခူးဘဲထားပြန်တော့ အရွက်ရင့်တွေကို အနာက လိုက်သေးတယ်။ အနာဖြစ်လို့ ဆေးဖြန်းဖို့လည်းဝင်ငွေမရှိဟု ရောဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ မော်သေးကျေးရွာမှ ကွမ်းစီးပွားဖြစ်စိုက်ပျိုးသူ ကိုထွန်းထွန်းကပြောသည်။

ရောဝတီတိုင်းမှထွက်ရှိသည့် ကွမ်းရွက်အကြွမ်းများကို ရခိုင်ပြည်နယ် (အမ်းမြို့) သို့ တင်ပို့ရောင်းချကြပြီး ရခိုင်ပြည်နယ်သို့ တင်ပို့သည့် ယာဉ်လမ်းကြောင်းများ အသွားအလာနည်းပါးသွားသဖြင့် ယခုကဲ့သို့ ဆုံးရှုံးမှုခံစားရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်အတွင်း COVID – 19 ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း (၉၆) ဦးအထိရှိနေပြီး ပြည်တွင်းကူးစက်မှု ပြန်လည်ဖြစ်ပေါ်သည့် ဩဂုတ် (၁၆) ရက်မှ ယနေ့အထိ စုစုပေါင် (၁၃၀) ဦးရှိလာကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်များအရသိရသည်။ ဒီဘက်က ကွမ်းရွက်အကြွမ်းနဲ့ ဆိုဒ်လွန်ကွမ်းတွေကို နယ်တွေကိုပို့တာပါ။ အကြွမ်းက အထိအခိုက်အကြွမ်းခံတယ်။ ဒါ့ကြောင့် စစ်တွေ–အမ်းလမ်းကြောင်းအတိုင်း နယ်ဘက်ကိုပြန်တင်ပို့တာပါ။ အခု အဲ့ဒီလမ်းကြောင်းတွေက ပိတ်ပစ်လိုက်တယ်။ ရန်ကုန်မြို့ပေါ်လောက်ကပဲ ကွမ်းယူကြတော့တယ်။ အဲ့ဒီတော့ အချောရှယ်ကွမ်းပဲ ဈေးကွက်ရှိတော့တာလေ။ အခုလို အကြွမ်းအသေး ပယ်လွန်တွေဆို ခူးခတောင်မရတော့ဘူး။ ကိုဗစ်ဂယက်ကြောင့်ပေါ့။ ဆုံးရှုံးမှုများတယ်။ မြန်မာနိုင်ငံမှာက တစ်ခုခုဆို တောင်သူကိုအရင်လာထိသလားတောင် တွေးမိတယ်။ တစ်ကယ်တော့ တောင်သူဘဝက တော်တော်မလွယ်တဲ့ဘဝပါပဲဟု ကိုထွန်းထွန်းက ဆက်လက်ပြောသည်။

၂၀၂၀ ခုနှစ်၊ ဇူလိုင်လက ကွမ်းရွက်အကြွမ်းဈေး တစ်ပိဿာလျှင် ၄,၀၀၀/ ၆,၀၀၀ ကျပ်၊ ကွမ်းရွက် ပယ်လွန် (ဆိုဒ်ကြီး) တစ်ပိဿာလျှင် ၄,၅၀၀/ ၅,၀၀၀ ကျပ် ဈေးများရရှိခဲ့ကာ၊ ကွမ်းဈေးအမြင့်ဆုံးအချိန်များတွင် ကွမ်းရွက်အကြွမ်းဈေး တစ်ပိဿာ

လျှင် ၆,၅၀၀ မှ ၈,၀၀၀ လောက်အထိ ပေါက်ဈေးရှိခဲ့ပြီး ယခုသြဂုတ်လပိုင်းမှစတင်ကာ ကွမ်းရွက်အကြမ်းဈေးကွက်ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/betel_leaves_market_less

## လျှော်ဖြူအထွက်နှုန်းကျနေသည့်အပြင် ဈေးနှုန်းလည်း သုံးပုံနှစ်ပုံခန့်ကျဆင်း



ယခုနှစ်တွင် လျှော်ဖြူစေး အထွက်နှုန်းများ ကျဆင်းနေသည့်အပြင် ကိုဗစ် – ၁၉ ဂယက်ကြောင့် ဈေးကွက် ပျောက်နေသဖြင့်ဈေးနှုန်းမှာလည်း သုံးပုံနှစ်ပုံခန့်ကျဆင်းနေကြောင်း လျှော်ဖြူစိုက်ပျိုးသူများထံမှ သိရသည်။ “ဒီနှစ်က ရာသီဥတုဖောက်ပြန်လို့ ထင်တယ်။ အရင်က သုံးကေကို တစ်ရက် အချိန် ၁၀ လောက်ရပေမယ့် ဒီနှစ်မှာ သုံးပိဿာလောက်ပဲ ရတယ်။ အဲဒီလိုအထွက်နှုန်းနည်းတဲ့အတွက် ဈေးနှုန်းပိုရရမှာဖြစ်ပေမယ့် ကိုဗစ် – ၁၉ ဂယက်ကြောင့် ဈေးကထိုးကျနေတယ်”ဟု လျှော်ဖြူ စိုက်ပျိုးသူ ဦးသန်းဝင်းကပြောသည်။

ယမန်နှစ်က သြဂုတ်လတွင် လျှော်ဖြူအစေး အရည်အသွေးကောင်း တစ်ပိဿာလျှင်ကျပ် ၃၀၀၀၀ နှင့် အထက်ဈေးရရှိသော်လည်း လက်ရှိတွင်မူ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ခန့်သာ ဈေးရှိကြောင်း၊ အရည်အသွေးအညံ့စများမှာ တစ်ပိဿာ ကျပ် ၅၀၀၀ ခန့်သာရှိကြောင်းသိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ တင်ပို့မှုရှိသော်လည်းတရားမဝင်လမ်းကြောင်းကတစ်ဆင့်တင်ပို့ရသည့်အပြင်လမ်းကြောင်းအခက်အခဲများကြောင့် အနည်းငယ်သာတင်ပို့ရောင်းချနိုင်ကြောင်းသိရသည်။ “တရုတ်က သွားတော့သွားနေတယ်။ ဒါပေမယ့် စရိတ်စက အရင်ထက်ဈေးကြီးတယ်။ ဈေးနှုန်းကမရဘူး။ အဲဒါကြောင့်ပြည်တွင်း ဈေးနှုန်းကလည်းကျတာဖြစ်တယ်။ ဒီဈေးနဲ့ဆိုတော့ စိုက်တဲ့တောင်သူတွေက အလုပ်သမားမငှားနိုင်တော့ဘူး။ ငှားလိုက်ရင် ကိုယ့်အတွက်က ဘာမှမကျန်တော့ဘူး။ အဲဒါကြောင့် ကိုယ့်အိမ်က မိသားစုဝင်တွေနဲ့လုပ်ကြရတယ်။ မိသားစုဝင်မရှိတဲ့သူတွေက မလုပ်တော့ဘဲ နားထားကြတယ်” ဟု ၎င်းကဆက်လက်ပြောသည်။

ယခုအခြေအနေအရ အောက်ဆုံးဈေးနှုန်းအထိကျနေသဖြင့် ယခုထက်ကျနိုင်ခြေမရှိသော်လည်း တရုတ်နိုင်ငံက လျှော်ဖြူတင်သွင်းမှုကို ဆက်လက်ကန့်သတ်ထားလျှင် ရေရှည်တွင် တစ်ပိဿာ ကျပ် ၁၀၀၀၀ အောက်အထိ ကျဆင်းသွားနိုင်ကြောင်း သိရသည်။ “တရုတ်နိုင်ငံက ဒီလကုန်မှာ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ဆောင်ရာမှာ ဖြေလျှော့မှုတွေလုပ်ပေးမယ်လို့သိရတယ်။ အဲဒါကို ကျွန်တော်တို့စောင့်နေတာဖြစ်ပါတယ်။ ဖြေလျှော့လိုက်မယ်ဆိုရင် တင်ပို့မှုတွေ အခုထက်ပိုမိုလုပ်နိုင်မှာဖြစ်ပြီးတော့ ပြည်တွင်းမှာလည်းအထွက်နှုန်းကျနေတဲ့အတွက် ဈေးကောင်းရမယ်လို့ မျှော်လင့်လို့ရတယ်။ ဖြေလျှော့မပေးဘူးဆိုရင်တော့ မလုပ်တော့ဘဲ နားလိုက်တော့မယ်”ဟု လျှော်ဖြူ စိုက်တောင်သူ ဦးသိန်းဆွေက ပြောသည်။

လျှော်ဖြူကို တရုတ်နိုင်ငံအပြင် အခြားနိုင်ငံများသို့တင်ပို့နိုင်ရန် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက အရည်အသွေးပြည့်မီသောလျှော်ဖြူအစေးများထုတ်လုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်အောင် ယခုကာလအတွင်းပြုလုပ်ထားမှသာ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ပွင့်လာလျှင် ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## Doing Business အဆင့်တိုးတက်ရန် ဖြေလျှော့ဆောင်ရွက်ပေးရမည့်အချက်များဆွေးနွေး

ကုန်သည်စက်မှုအသင်းချုပ်၊ Ease of Doing Business Task Force လုပ်ငန်းအဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ်လ ၂၁ ရက်နေ့က အသင်းချုပ်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။ အစည်းအဝေးတွင် Doing Business Ranking တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများနှင့် မြန်မာနိုင်ငံ

တွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များလုပ်ငန်းလုပ်ကိုင်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ အခွန်ထမ်းဆောင်ခြင်းကိစ္စ၊ အလုပ်သမားရေးရာကိစ္စ၊ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာကိစ္စ၊ ဘဏ်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များနှင့် လျှပ်စစ်မီးရရှိရေးကိစ္စများစသည်တို့ပါဝင်ပြီး ယင်းတို့ကို အဆင်ပြေချောမွေ့စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် အညွှန်းကိန်း (Indicator) များ အလိုက်လုပ်ငန်းရှင်များအတွက် ခက်ခဲနေသည့် အပိုင်းများကို လွယ်ကူစေရန်အတွက် ပြောင်းလဲဆောင်ရွက်ပေးရမည့် အချက်အလက်များနှင့်ယင်းလုပ်ငန်းစဉ်များထဲမှ အခက်အခဲဖြစ်ပေါ်နေမှုများအပေါ် Task Force အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခြင်းများလည်းပြုလုပ်ခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။ အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ်၊ Ease of Doing Business Task Force ဥက္ကဋ္ဌ ဦးရဲမင်း အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအေးဝင်းနှင့် Task Force အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အဆင့်အတန်းတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအဆင့်အတန်းတိုးတက်ရေး လုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလဒုတိယအပတ်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၃ ဦးဖြင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်အတွင်း အဆင့် ၇၂ အထိ လျော့ကျစေရန် ဆောင်ရွက်မည်ဖြစ်ကာ တစ်နှစ်လျှင် ပျမ်းမျှအဆင့် ၂၄ လျော့ကျစေရန်ဆောင်ရွက်မည်ဟု ယင်းလုပ်ငန်း အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ထူးက ပြောကြားထားသည်။

ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်သည့် အဆင့်အတန်းကို အညွှန်းကိန်းများဖြင့် တွက်ချက်ရာတွင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ လုပ်ငန်းစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ အကြွေးမဆပ်နိုင်မှုကို ဖြေရှင်းခြင်း၊ မြေယာမှတ်ပုံတင်ခြင်း၊ လျှပ်စစ်မီးရရှိခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း၊ အနည်းစုရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်း၊ အခွန်ဆောင်ခြင်း၊ ချေးငွေရယူခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်းစသည့် အချက် ၁၀ ချက်ဖြင့် အမှတ်ပေးခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုအဆင့်အတန်း တိုးတက်ရေးလုပ်ငန်းအဖွဲ့ထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/369315/

## တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု တည်ငြိမ်စွာဖွံ့ဖြိုးရေးကိုမြှင့်တင်သွားရန် အရေးပါသော သဘောတူညီချက်များရရှိ



တရုတ်-မြန်မာ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးလုပ်ငန်းအဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပခဲ့ပြီး အနာဂတ်တွင် တရုတ်-မြန်မာကုန်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးလုပ်ငန်းအဖွဲ့ယန္တရားကိုအသုံးချ၍ နှစ်နိုင်ငံကုန်သွယ်မှု တည်ငြိမ်စွာဖွံ့ဖြိုးရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အရေးပါသော သဘောတူညီချက်များကို ရရှိခဲ့ကြကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက ယနေ့ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖိန်သည် ယခုနှစ်နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံခရီးစဉ် လာရောက်စဉ် ဖြစ်ထွန်းခဲ့သည့် အရေးပါသော စီးပွားကုန်သွယ်ရေး ရလဒ်ကောင်းများနှင့် တရုတ်- မြန်မာ နှစ်နိုင်ငံခေါင်းဆောင်များ တယ်လီဖုန်းဆက်သွယ်ဆွေးနွေးမှုတွင် ရရှိခဲ့သည့်သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ညှိနှိုင်းမှုအရ အဆိုပါအစည်းအဝေးကို ပြုလုပ်ခဲ့ကြောင်းသိရသည်။ ယင်းအစည်းအဝေးတွင် နှစ်ဦးနှစ်ဖက် အလေးထား

ကြသည့် နယ်စပ်ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး ၊ အစားထိုးစိုက်ပျိုးရေး ၊ လယ်ယာထွက်ကုန် ရောဂါပိုးမွှား စစ်ဆေးရေး ၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ နှစ်ဦးနှစ်ဖက်နှင့် ဘက်ပေါင်းစုံဆိုင်ရာပြပွဲများကျင်းပရေးစသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ၊ တရုတ်-မြန်မာကုန်သွယ်မှု ခြေလှမ်းမှန်မှန်ဖြင့် တိုးတက်နေခြင်း၊ အဆက်မပြတ်ပိုမိုလွယ်ကူချောမွေ့လာခြင်းစသည့်ရလဒ်ကောင်းများကို အသိအမှတ်ပြုပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အတည်ပြုခဲ့ကြောင်းသိရသည်။

တရုတ်-မြန်မာကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးသို့ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းတို့အတူတကွ ကြီးမှူးကျင်းပပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှစီးပွားရေးသံမှူး Mr. Tan Shufu၊ တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wei Yan ၊ ယူနန်ပြည်နယ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhou Xuewen ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စီးပွားရေးသံမှူး ဒေါ်ရွှေစင်ဦးနှင့် တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊အကောက်ခွန်ဌာနချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲတွင် ငွေပေးချေခြင်းမရှိသော ကျောက်စိမ်းတွဲပေါင်း ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ကျောက်မျက်ရတနာများ ၅၀၀ ကျော်ရှိ



၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ရောင်းချခဲ့ရပြီး သတ်မှတ်ရက်အတွင်းငွေပေးချေခြင်းမရှိသော ကျောက်စိမ်းတွဲပေါင်း ၅၀၀ ကျော်ရှိကြောင်း၊ အဆိုပါ ငွေပေးချေခြင်းမရှိသော အရောင်းအဝယ်ပျက်သွားသည့် ကျောက်စိမ်းတွဲများကို ဩဂုတ် ၂၈ ရက်တွင် နောက်ဆုံးထား၍ ပြန်လည်ထုတ်ယူရမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်ခိုင်က ဆင်ဟွာသို့ ယနေ့ဩဂုတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

"ကျောက်မျက်ပွဲမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကျောက်စိမ်းတွဲပေါင်း ၃,၅၀၀ ဝန်းကျင်ရှိခဲ့တယ်။ အဲဒီထဲကမှ ငွေပေးချေခြင်းမရှိဘဲ အရောင်းအဝယ်ပျက်သွားတဲ့ ကျောက်စိမ်းတွဲပေါင်းက ၅၀၀ ကျော်ရှိတယ်။ ငွေပေးချေခြင်းမရှိတဲ့ ကျောက်စိမ်းတွဲ တွေကို သူ့ပိုင်ရှင်တွေဆီကို ပြန်လည်ထုတ်ယူဖို့ ကျွန်တော်တို့အနေနဲ့ အကြောင်းကြားထားပါတယ်။ ပိုင်ရှင်တွေပြန်လာယူကြမှာပါ" ဟု ၎င်းက ဆိုသည်။

မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရတနာရောင်းချပွဲကို နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိပြုလုပ်ခဲ့ပြီး ကုမ္ပဏီပေါင်း ၈၁၁ ခုက နိုင်ငံသားရတနာကုန်သည် ၂,၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်း၊ အဆိုပါပြပွဲမှ ကျောက်စိမ်း အတွဲပေါင်း ၃,၆၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၃,၄၉၁ တွဲရောင်းချခဲ့ရပြီး ကျပ် ၅၉ ဘီလီယံကျော် ရရှိခဲ့ကြောင်း ၊ ကျောက်မျက် အတွဲပေါင်း ၂၈၆ တွဲကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ကိုးတွဲကို ကျပ် ၃၆ သန်းကျော် ရရှိခဲ့ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှသိရသည်။ ၂၀၂၀ပြည့်နှစ်တွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့် ကျောက်မျက်ပွဲ ၂ ပွဲ နှင့် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ကျောက်မျက်ပွဲ ၂ ပွဲ၊ စုစုပေါင်း ၄ ပွဲ ကျင်းပရန်လျာထားသော်လည်း COVID-19 ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ကျောက်မျက်ပွဲတစ်ပွဲသာကျင်းပနိုင်သေးကြောင်း ၎င်းကဆိုသည်။

**Source:** https://xinhuamyanmar.com/business/local/29223-2020-08-26-08-40-55

## Covid-19 ဆိုင်ရာ အခြေအနေများကြောင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ နိုင်ငံခြားသား လုပ်သားများ၏နေထိုင်ခွင့်သက်တမ်းအား ထပ်မံတိုးမြှင့်ပေးရန် ဆွေးနွေးစီစဉ်နေမှုအခြေအနေ

ကမ္ဘာ့နှင့်အဝှမ်းတွင်ဖြစ်ပေါ်ရင်ဆိုင်ရလျက်ရှိသည့် Covid-19 ကူးစက်ကပ်ရောဂါကြောင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားလုပ်သားများ၏နေထိုင်ခွင့်သက်တမ်းအား ထပ်မံတိုးမြှင့်ပေး၍ သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် ယာယီလုပ်ကိုင်ခွင့်များ ဆက်လက်ခွင့်ပြုပေးရန် ဆွေးနွေးစီစဉ်လျက်ရှိကြောင်း ဝန်ကြီးချုပ် Chung Sye-Kyun ၏ (၂၉-၇-၂၀၂၀) ရက်နေ့တွင် အစိုးရရုံးများအခြေပြုရာ Sejong မြို့ Government Complex ၌ကျင်းပခဲ့သည့် Covid-19 တုံ့ပြန်မှုဆိုင်ရာ ပုံမှန်အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။

ယင်းသည် Covid-19 ဆိုင်ရာ ပြည်ဝင်ခွင့် အခက်အခဲအမျိုးမျိုးကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးနေသော်လည်း မိမိတို့၏နေရပ်နိုင်ငံများသို့ ချက်ချင်းပြန်လည်ထွက်ခွာရန်အဆင်မပြေသေးသော နိုင်ငံခြားသားလုပ်သားများ နှင့် မကြာမီရောက်ရှိလာမည့် ရိတ်သိမ်းကာလအတွက် ယခုကဲ့သို့အခြေအနေမျိုးတွင်လုပ်သားရှာဖွေရန်ခက်ခဲနေသော စိုက်ပျိုးရေး ကဏ္ဍရှိ တောင်ကိုရီးယား အလုပ်ရှင်များအကြား နှစ်ဦးနှစ်ဖက်အဆင်ပြေစေမည့် Win-Win နည်းလမ်းဟုယူဆကြောင်း သိရှိရပါသည်။

ထို့ပြင်ယခင်နှစ်လအတွင်းစာရင်းများအရ တောင်ကိုရီးယားသို့ကမ်းကပ်ခဲ့သည့် ရုရှားသင်္ဘောမှ Covid-19 Confirmed Cases (၉၀)ကျော်ရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ တောင်ကိုရီးယား အစိုးရအနေဖြင့် ပြည်ပနိုင်ငံများ အထူးသဖြင့် ရုရှားနှင့် အခြား(၆)နိုင်ငံတို့မှ ဝင်ရောက်လာမည့် သင်္ဘောသားများအတွက် Quarantine ဆိုင်ရာစည်းကမ်းများကို တိုးမြှင့်ခဲ့ကြောင်း၊ ယခုစည်းကမ်းအသစ်တွင် ရုရှားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ခီးဂစ်စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဥဇဘတ်ကစ္စတန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဝင်ရောက်လာမည့် သင်္ဘောသားများအနေဖြင့် Covid-19 ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးစစ်ဆေးပြီးစီးမှု သက်သေခံ လက်မှတ်ကို တင်ပြသွားရန်လိုအပ်ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade, Indurstry and Energy၊ The Korea Times၊ The Korea Herald၊ Yonhap News**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့သည် စီးပွားရေးကျဆင်းမှုကြောင့် စီးပွားရေးလုပ်ကိုင်သည့် အဆောက်အဦများအတွက် နည်းဥပဒေများဖြေလျှော့ပေးခြင်း

COVID-19 ကြောင့် စီးပွားရေးကျဆင်းလျက်ရှိရာ ဆယ်ရာစုနှစ်ကျော်အတွင်း ငွေကြေး အာဏာပိုင်အဖွဲ့ (Hong Kong Monetary Authority- HKMA)မှ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့် အဆောက်အဦများအတွက် ငွေကြေးနည်းဥပဒေများ ပထမဆုံးအကြိမ် ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ လူနေအိမ်ယာများမဟုတ်သည့် စီးပွားရေးလုပ်သည့် အဆောက်အဦများ အတွက် ချေးငွေ (၄၀) မှ (၅၀) ရာခိုင်နှုန်းအထိထုတ်ချေးပေးရန် ဘဏ်များကို ဗဟိုဘဏ်မှခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရုံးများ၊ စက်ရုံများနှင့်လက်လီအရောင်းဆိုင်များအတွက် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ဂျီဒီပီမှာ ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်တွင် (၉.၁) ရာခိုင် နှုန်းလျော့ကျခဲ့ပြီး၊ ဒုတိယလေးလပတ်တွင် (၉) ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ နိုင်ငံရေး၊ ကျန်းမာရေး အကြပ်အတည်းများကြောင့် ဟောင်ကောင်ဒေသ လူနေအိမ်ယာများအတွက်လည်း ဖိအားများ ရှိနေကြောင်း၊၂၀၁၉ ခုနှစ်၊ မေလမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း လူနေအိမ်ရာများမဟုတ်သည့်ဆိုင်ခန်း ဈေးနှုန်းမှာ(၁၀)မှ (၁၅) ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း၊ ဟောင်ကောင်ဒေသရှိ အကြီးဆုံးဘဏ်များဖြစ်သည့် HSBC နှင့် Bank of China (BOC) ဘဏ်တို့မှလည်း ဒေသစီးပွားရေးကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ယခုပြောင်းလဲဖြေလျှော့သည့်နည်းဥပဒေဖြင့်ဆောင်ရွက်မှုတွင် လူနေအိမ်ခန်း များမှလွဲ၍ စီးပွားဖြစ်ဈေးဆိုင်ခန်းများနှင့် ကားရပ်နားစခန်းများအတွက်လည်း အကျုံးဝင်မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch You က " HKMA eases commercial property mortgage rules as recession bites" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## စင်ကာပူရှိ စွန့်ဦးတီထွင်သူများစုပေါင်းတည်ထောင်သည့်ကုမ္ပဏီ (Start-up) များအတွက် ရင်းနှီးငွေထောက်ပံ့ကြေးကို စင်ကာပူဒေါ်လာ ၅၀,၀၀၀ အထိ အစိုးရကတိုးမြှင့်ထောက်ပံ့မည်

စင်ကာပူနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်သူ Mr Heng Swee Keat က ၁၇- ၈ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော စင်ကာပူဒေါ်လာ ၁၅၀ သန်း ခွဲဝေချထားမည့် "Startup SG Founder Programme" အစီအစဉ်အရ စင်ကာပူနိုင်ငံရှိ စွန့်ဦးတီထွင်သူ များစုပေါင်းတည်ထောင်ဖွဲ့စည်းထားသည့်ကုမ္ပဏီ (Start-up) များသည် ရင်းနှီးငွေထောက်ပံ့ကြေးအဖြစ် စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကို လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

Start-up များအား ရင်းနှီးငွေထောက်ပံ့ကြေး စင်ကာပူဒေါ်လာ ၃၀,၀၀၀ ပံ့ပိုးပေးသည့် အစီအစဉ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအခါ Start-up များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ထောက်ပံ့ကြေးကို တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ လျှောက်ထားလိုသော Start-up ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီအားစတင်တည်ထောင်သူအနည်းဆုံး ၃ ဦးမှာ စင်ကာပူနိုင်ငံသား (သို့မဟုတ်) အမြဲတမ်းနေထိုင်ခွင့်ရှိသူများ ဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းတို့အနက် အနည်းဆုံး ၂ ဦးသည် ပထမဆုံးအကြိမ်တည်ထောင်သူများအဖြစ် ပါဝင်ခြင်းဖြစ်ရမည်ဟု သတ်မှတ်ချက်များရှိကြောင်း၊ ထို့ပြင် "SG United Jobs and Skills Package" အစီအစဉ်အရ ကိုဗစ်ကာလအတွင်း အလုပ်အကိုင်ခန့်ထားမှုများအပေါ် အစိုးရမှပံ့ပိုးပေးလျက်ရှိသောကြောင့် Start-ups ကုမ္ပဏီ ၁,၆၀၀ ကျော်သည် အလုပ်အကိုင်ပေါင်း ၄,၆၀၀ ကျော်နှင့် အလုပ်သင် ၈၆၀ တို့ကို အလုပ်အကိုင်ကမ်းလှမ်းလျက်ရှိကြောင်း သိရှိရပါသည်။

**Source: The Straits Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## စင်ကာပူနိုင်ငံက လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍကို ပြန်လည်အသက်သွင်းနိုင်ရန် ပြည်ပခရီးသွားလာမှုကန့်သတ်ချက်များအား တဖြည်းဖြည်းဖြေလျှော့လာ

စင်ကာပူနိုင်ငံအနေဖြင့် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ဘရူနိုင်းနှင့် နယူးဇီလန်နိုင်ငံတို့မှ စင်ကာပူသို့လာရောက်လိုသောခရီးသည်များကို ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပြီး၊ စင်ကာပူနိုင်ငံမှ အဆိုပါနိုင်ငံများသို့ အထွေထွေကိစ္စရပ်များအတွက် ခရီးသွားလာလိုသူများကိုလည်း စတင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အဝေးသင်စနစ်ဖြင့် သင်ကြားမှုမရှိသော ပြည်ပတက္ကသိုလ်ကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသားများအတွက်လည်း ပြည်ပသို့ခရီးသွားလာ ခွင့်ကိုခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ် ၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ထားနိုင်ပြီး ရောဂါကူးစက်မှုအန္တရာယ်နည်းပါးသောနိုင်ငံများမှ စင်ကာပူသို့ ပြန်လည်ဝင်ရောက်လာကြသည့် စင်ကာပူနိုင်ငံသားများ၊ အမြဲတမ်းနေထိုင်ခွင့်ရရှိသူများနှင့် ကာလရှည်အလုပ်လုပ်ကိုင်ခွင့်ရရှိထားသူများအနေဖြင့်လည်း သီးခြားနေထိုင်ရမည့် (Stay Home Notice - SHN) ကာလ ကို လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဘရူနိုင်းနှင့် နယူးဇီလန်နိုင်ငံများမှ ခရီးသည်များအား စင်ကာပူသို့ ဝင်ရောက်ခွင့်ပြုခြင်းသည် စင်ကာပူနိုင်ငံ၏ တစ်ဖက်သတ်အစီအမံသာဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများမှ စင်ကာပူသို့ လာရောက်လိုသူများအနေဖြင့် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ Air Travel Pass ကို ခရီးသွားမည့်ရက်မတိုင်မီ (၇)ရက်မှ (၃၀)ရက်အတွင်း လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသူသည် စင်ကာပူသို့မလာမီ အဆိုပါနိုင်ငံများတွင် (၁၄) ရက် ဆက်တိုက်နေထိုင်ခဲ့ပြီးသူများဖြစ်ပါက စင်ကာပူသို့ရောက်ရှိချိန်တွင် ကိုဗစ် ၁၉ ရောဂါစစ်ဆေးမှုခံယူပြီး ရောဂါမရှိကြောင်းအဖြေထွက် ရှိလျှင် Stay Home Notice မလိုအပ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ ရောဂါပိုးတွေ့ရှိပါက ဆေးကုသမှုစရိတ်ကို ကိုယ်တိုင်ကျခံရမည်ဖြစ်ကြောင်း၊ ထို့ပြင် စင်ကာပူနိုင်ငံမှဘရူနိုင်းနှင့် နယူးဇီလန်နိုင်ငံများသို့ ခရီးသွားလိုသူများအတွက်လည်း စက်တင်ဘာလ ၁ ရက်နေ့မှ စတင်ခွင့်ပြုပေးမည်ဖြစ်ပြီး၊ ယခုအစီအစဉ်မှာ စင်ကာပူနိုင်ငံ၏ တစ်ဖက်သတ်ခွင့်ပြုသည့် အစီအစဉ်သာဖြစ်သောကြောင့် ခရီးသွားလိုသူများအနေဖြင့် အဆိုပါနိုင်ငံများ၏ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို ကြိုတင်လေ့လာသိရှိထားရမည်ဖြစ်ကြောင်း၊ အကယ်၍ ခရီးသွားလာသူအနေဖြင့် အဆိုပါနိုင်ငံများသို့ ခရီးသွားလာခဲ့ပြီး ရောဂါကူးစက်မှုခံခဲ့ရမည်ဆိုပါက စင်ကာပူအစိုးရ၏ ထောက်ပံ့မှုနှင့် အာမခံကြေးအစီအစဉ်များကို ခံစားခွင့်ပြုမည်ဖြစ်ကြောင်း၊ အလားတူပြည်ပနိုင်ငံများရှိ တက္ကသိုလ်ကျောင်းများတွင်

သွားရောက်ပညာသင်ကြားရမည့် ကျောင်းသားများအနေဖြင့်လည်း ရောဂါကူးစက်မှုခံခဲ့ရမည်ဆိုပါက စင်ကာပူတွင် ဆေးကုသမှုအတွက် အစိုးရမှကျခံပေးခြင်းနှင့် အာမခံကြေးအစီအစဉ်များကို ခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ရောဂါကူးစက်နိုင်မှုအန္တရာယ်နည်းပါးသော ဩစတြေးလျ (ဗစ်တိုးရီးယားပြည်နယ် မပါ)၊ မကာအို၊ တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများသို့သွားရောက်ခဲ့ပြီး စင်ကာပူသို့ ပြန်လည်ဝင်ရောက်လာကြမည့် စင်ကာပူနိုင်ငံသားများ၊ အမြဲတမ်းနေထိုင်ခွင့် ရရှိသူများနှင့် ကာလရှည်အလုပ်လုပ်ကိုင်ခွင့်ရရှိထားသူများအနေဖြင့် Stay Home Notice – SHN ကာလကို မူလသတ်မှတ်ထားသည့် (၁၄)ရက်အစား (၇) ရက်သာ နေထိုင်ရမည်ဖြစ်ပြီး၊ SHN ကာလမကုန်ဆုံးမီ ကိုဗစ် ၁၉ ရောဂါစစ်ဆေးမှုကို ခံယူရမည်ဖြစ်ကြောင်းနှင့် ဤအစီအစဉ်များသည် စင်ကာပူ၏ တစ်ဖက်သတ်ခရီးသွားလာခွင့် ဖြေလျှော့ပေးသည့် အစီအမံများသာဖြစ်ကြောင်း ကိုဗစ်-၁၉ ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံလုပ်ငန်းအဖွဲ့က ၂၁-၈-၂၀၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ စင်ကာပူ၏ တစ်ဖက်သတ် ပြည်ပခရီးသွားလာခွင့်အား ဖြေလျှော့ပေးမှု အစီအစဉ်များသည် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအတွက်သာမက စင်ကာပူ၏ စီးပွားရေးနှင့်ပါဆက်နွှယ်နေကြောင်း၊ ချန်ဂီလေဆိပ်၏လုပ်ငန်းလည်ပတ်မှုကို ပြန်လည်အသက်သွင်းနိုင်ရန် ကျန်းမာရေးသတိဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စင်ကာပူအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် တံခါးဖွင့်လှစ်ထားကြောင်းကို ပြသလိုခြင်းလည်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီး Mr Ong Ye Kung ကလည်း ပြောကြားပါသည်။

လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍသည် စင်ကာပူ၏ GDP ကို ၅ ရာခိုင်နှုန်းကျော်အထိ ပံ့ပိုးပေးလျက်ရှိပြီး၊ လုပ်သားဦးရေ ၁၉၂,၀၀၀ ကို အလုပ်အကိုင်ဖန်တီးပေးထားကြောင်း၊ ဇူလိုင်လတွင် ချန်ဂီလေဆိပ်သို့ ခရီးသည်ဖြတ်သန်းသွားလာသူဦးရေမှာ ၈၆,၀၀၀ ဖြင့် ယခင်နှစ် အလားတူကာလထက် ၉၈.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ ကျွမ်းကျင်သူများကလည်း စင်ကာပူ၏ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍသည် ပြည်တွင်းဈေးကွက်မရှိသည့်အတွက် ပြန်လည်နာလန်ထူလာနိုင်ရန် ပိုမိုခက်ခဲမည်ဟု သုံးသပ်ထားကြပါသည်။

**Source:** The Straits Times/ The Business Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (26.8.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 1,227 | 12,147,300 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | -50 | -1.33% | 3,700 | 3,700 | 3,700 | 8,200 | 30,340,000 | 38,929,150 | 144,038 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 72 | 1,548,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,750 | 2,750 | 2,700 | 28 | 76,600 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 19 | 58,150 | 19,977,223 | 61,929 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.33 | -1.74 | -0.40% | 432.76 | 432.76 | 432.09 | 9,546 | 44,170,050 | 6 | 643,283 |

### Index chart




# Market Overview

As of 1:00 pm, 26th Aug. 2020

| MYANPIX | 432.33 ▼ 1.74 |
|---|---|
| Total Volume (shares) | 9,546 |
| Total Value (MMK) | 44 mil |
| Listed Company | 6 |
| Market Cap. (MMK) | 643,283 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,700 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 0 |